# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# နေပြည်တော်

Bao Heng Myanmar furniture Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ဝါးခရူကျေးရွာအုပ်စု၊ ခြံတရာကျေးရွာ၊ ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ မြေဧရိယာ (၁၂.၉၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း အတွက် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၆၉၉ ) ရက်စွဲ။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဒေါ်ဥမ္မာမြင့်<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Bao Heng Myanmar furniture Co., Ltd.<br>အိုလံပစ်ဟိုတယ်၊ အမျိုးသားရေကူးကန်ဝင်း၊ ဦးဝိစာရ လမ်း၊ ဒဂုံမြို့နယ်၊ရန်ကုန်မြို့။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းဧရိယာ(၁၂.၉၃) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ ခြံတရာကျေးရွာ၊ ဝါးခရူ ကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်။ |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက်- ၁၄-၈-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက်- ၁၃-၈-၂၀၂၈ |

(ဇ) **အတည်ပြုအစီရင်ခံစာ အမျိုးအစား** - ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)

(ဈ) **အတည်ပြုအစီရင်ခံစာ** - Bao Heng Myanmar furniture Co., Ltd. ၏ ၆-၄-၂၀၂၃ ရက်စွဲပါ တင်ပြစာ

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေး တိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အခါအား လျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၄။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

(Stamp: ပြည်ထောင်စု ဝန်ကြီးရုံး)

(signature) ၂၀. ၅. ၂၀၂၃

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Bao Heng Myanmar furniture Co., Ltd. မှ ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Bao Heng Myanmar furniture Co., Ltd. မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ဝါးခရူကျေးရွာအုပ်စု၊ ခြံတရာကျေးရွာ၊ ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ မြေဧရိယာ (၁၂.၉၃) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်းအတွက် Bao Heng Myanmar furniture Co., Ltd. ၏ ၆-၄-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ဥမ္မာမြင့်၊ ဒါရိုက်တာ၊ Bao Heng Myanmar furniture Co., Ltd.၊ အိုလံပစ်ဟိုတယ်၊ အမျိုးသားရေကူးကန်ဝင်း၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၉၄၄၄၄၃၃၁၆၆ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** သစ်ပါးလွှာထုတ်လုပ်မှုအနေဖြင့် သစ်ခေါက်ခွာခြင်း၊ ဆေးကြောခြင်း၊ သစ်ပါးလွှာခြင်း၊ အရွယ်အစားလိုက်စီခြင်းနှင့် အနာပါသည်များကို ရွေးခြင်း၊ ဆေးဖျန်းပြီး အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ အထပ်သားစက်ရုံများသို့ တင်ပို့ခြင်း၊ သစ်ခွဲသားထုတ်လုပ်မှုအနေဖြင့် (၄) ပေ အရှည်ရှိ ရာဘာသစ်လုံးများကို သစ်ခွဲ ခုံတွင် ဖြတ်တောက်ခြင်း၊ လေမဲ့ပေါင်းခံဖိုအတွင်း ဆေးဖျန်း၍ ဘွိုင်လာဖြင့် ပေါင်းခံခြင်း၊ အခြောက် ခံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းတို့ ဆောင်ရွက်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** သစ်ပါးလွှာစက်ရုံလုပ်ငန်းအတွက် (၁) လလျှင် ရာဘာသစ်လုံး (၁၅၀၀) ကုဗမီတာ၊ ရာဘာသစ်ခွဲသားထုတ်လုပ်မှုအနေဖြင့် (၁)လလျှင် ရာဘာသစ်လုံး (၃၀၀၀) ကုဗမီတာ၊ ဓာတုပစ္စည်း လိုအပ်ချက်အနေဖြင့် (၁) လလျှင် Borax (၁၀၀) Kg, Boric acid (၅၀) Kg, Sodium chloride (၁၀၀) Kg သုံးစွဲမည်ဖြစ်သည်။ ရေရယူသုံးစွဲမှုအနေဖြင့် (၁၅၅ ပေ၊ ၁၃၅ ပေ၊ ၁၆၀ ပေ) အသီးသီးရှိ အဝီစိတွင်း (၃) တွင်းမှ ရယူသုံးစွဲကြောင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန် သစ်ပါးလွှာစက်ရုံအတွက် (၁) လလျှင် (၄၅,၀၀၀) ဂါလန်၊ သစ်ခွဲသားစက်ရုံအတွက် (၁) လလျှင် (၁၅,၀၀၀) ဂါလန်၊ ဝန်ထမ်းများ အသုံးပြုရန်အတွက် (၁) လလျှင် (၅၂,၅၀၀) ဂါလန်နှင့်

မီးငြိမ်းသတ်ရေးအစီအစဉ်အတွက် (၂,၅၀၀၊ ၅,၀၀၀၊ ၇,၀၀၀၊ ၈,၀၀၀၊ ၂၀,၀၀၀) ဂါလန်ဆံ့ မီးသတ်ရေကန် (၅) ကန် ထားရှိမည်ဖြစ်သည်။ လျှပ်စစ်ရယူအသုံးပြုမှုအနေဖြင့် နိုင်ငံတော် မဟာဓာတ်အားလိုင်းမှ ရယူပြီး လျှပ်စစ်မီးပြတ်တောက်ပါက (၅၀၀) kVA ဂျင်နရေတာ (၂) လုံး၊ လျှပ်စစ်သုံးစွဲမှုအနေဖြင့် သစ်ပါးလွှာစက်ရုံအတွက် (၁) လလျှင် (၅၀,၀၀၀) kWh၊ သစ်ခွဲသား စက်ရုံအတွက် (၁) လလျှင် (၅၅,၁၅၀) kWh ယူနစ်ခန့် ၊ လောင်စာဆီ လိုအပ်ချက် အနေဖြင့် သစ်ပါးလွှာစက်ရုံအတွက် ဒီဇယ်ဆီ (၅,၀၀၀) ဂါလန်၊ ဓာတ်ဆီ (၇၀) ဂါလန်၊ စက်ဆီ (၅၀) ဂါလန်၊ ချောဆီ (၂၀) ဂါလန်၊ အမဲဆီ (၂၀) ဂါလန်နှင့် သစ်ခွဲသား စက်ရုံအတွက် ဒီဇယ်ဆီ (၅၀၀) ဂါလန်၊ ဓာတ်ဆီ (၂၀) ဂါလန်၊ စက်ဆီ (၅၀) ဂါလန်၊ ချောဆီ (၂၀) ဂါလန်၊ အမဲဆီ (၂၀) ဂါလန် သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ဦးပိုင်အမှတ်- (၂/ဃ-၃) (၁၁၄)၊ ခြံတရာကျေးရွာ၊ ဝါးခရူကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင် ခရိုင်၊ မွန်ပြည်နယ်တွင် တည်ရှိပါသည်။


**Bao Heng Myanmar furniture Co., Ltd. မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ် မြို့နယ်၊ ဝါးခရူကျေးရွာအုပ်စု၊ ခြံတရာကျေးရွာ၊ ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ မြေဧရိယာ (၁၂.၉၃) ဧက တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်း၏ တည်နေရာပြမြေပုံ**




**Bao Heng Myanmar furniture Co., Ltd. မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ် မြို့နယ်၊ ဝါးခရူကျေးရွာအုပ်စု၊ ခြံတရာကျေးရွာ၊ ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ မြေဧရိယာ (၁၂.၉၃) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်း၏ layout Plan**



**Bao Heng Myanmar furniture Co., Ltd. မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ် မြို့နယ်၊ ဝါးခရူကျေးရွာအုပ်စု၊ ခြံတရာကျေးရွာ၊ ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ မြေဧရိယာ (၁၂.၉၃) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်း၏ ရာဘာသစ်ပါးလွှာထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ပြပုံ**



**Bao Heng Myanmar furniture Co., Ltd. မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ် မြို့နယ်၊ ဝါးခရူကျေးရွာအုပ်စု၊ ခြံတရာကျေးရွာ၊ ဦးပိုင်အမှတ်-(၂/ဃ-၃) (၁၁၄)၊ မြေဧရိယာ (၁၂.၉၃) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရာဘာသစ်ပါးလွှာနှင့်သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်း၏ သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ပြပုံ**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက Bao Heng Myanmar furniture Co., Ltd. ၏ ၆-၄-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** သစ်ပါးလွှာထုတ်လုပ်မှုအနေဖြင့် သစ်ခေါက်ခွာခြင်း၊ ဆေးကြောခြင်း၊ သစ်ပါးလွှာခြင်း၊ အရွယ်အစားလိုက်စီခြင်းနှင့် အနာပါသည်များကိုရွေးခြင်း၊ ဆေးဖျန်းပြီး အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ အထပ်သားစက်ရုံများသို့ တင်ပို့ခြင်း၊ သစ်ခွဲသားထုတ်လုပ်မှုအနေဖြင့် (၄) ပေ အရှည်ရှိ ရာဘာသစ်လုံးများကို သစ်ခွဲခုံတွင် ဖြတ်တောက်ခြင်း၊ လေမဲ့ပေါင်းခံဖိုအတွင်း ဆေးဖျန်း၍ ဘွိုင်လာဖြင့် ပေါင်းခံခြင်း၊ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်း၏အမှိုက်များကိုလဟာပြင် မီးရှို့ခြင်း ရှောင်ရှားရန်၊

(၂) စက်ပစ္စည်း ကိရိယာများနှင့် ယာဉ်ယန္တရားများမှ အခိုးအငွေ့ ထုတ်လွှတ်မှု လျှော့ချနိုင်ရေး ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၃) ဖုန်နှင့် အမှုန်အမွှားများ ပျံ့လွင့်မှုလျှော့ချနိုင်ရေးအတွက် စီမံကိန်းအတွင်း ရေဖျန်းရန်၊

(၄) တစ်ကိုယ်ရေကာကွယ်ရေးကိရိယာ (PPEs) နှင့် Face Mask များ ထောက်ပံ့ရန်၊

(၅) စီမံကိန်းတွင် ဖုန်မှုန့်များ ပျံ့လွင့်မှု လျှော့ချနိုင်ရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား နည်းပါးစေရေးအတွက် ဒေသနှင့်ကိုက်ညီသော ကြီးမြန်သစ်ပင်များ စီမံကိန်းပတ်လည်တွင် စိုက်ပျိုးရန်၊

(၇) Grievance and Redress Mechanism GRM ဖွဲ့စည်းပြီး ဒေသခံများမှ အခိုးအငွေ့နှင့် အမှုန်အမွှားထွက်ရှိမှုအား တိုင်ကြားနိုင်ရေး ဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းရှိလုပ်သားများအား ရေချွေတာသုံးစွဲတတ်စေရေးအတွက် ပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) အသုံးပြုပြီးသောရေများအား Recycle ပြုလုပ်၍ ပြန်လည်အသုံးပြုရန်၊

(၃) ဘွိုင်လာမှ စွန့်ထုတ်ရေ Boiler Blowdown Water အား အအေးခံပြီးမှသာ ပြင်ပသို့ စွန့်ထုတ်ရန်၊

(၄) စွန့်ပစ်ရေနှင့် စီးဆင်းရေအတွက် စီမံကိန်းတွင် ရေဆင်းမြောင်းစနစ်အား ထည့်သွင်းဆောင်ရွက်ရန်၊

(၅) လုပ်ငန်းရှိ ရုံးခန်း၊ ဝန်ထမ်းဆောင်၊ မီးဖိုချောင်၊ ရေချိုးကန် စသည့်နေရာများမှ ထွက်ရှိသည့် အထွေထွေစွန့်ပစ်ရေများအား စွန့်ပစ်ရေကန်အတွင်း အခြေခံထားရှိခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ရန်၊

(၆) သန့်စင်ခန်းမှထွက်ရှိသော ညစ်ညမ်းရေများအား မိလ္လာကန်နှင့်မိလ္လာစနစ်အတွင်းသို့ စွန့်ပစ်ရန်၊

(၇) စွန့်ပစ်ရေများအား မြေကြီးအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းအားရှောင်ရှားရန်၊

(၈) စွန့်ပစ်ရေများအား (၆) လ (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၉) စီမံကိန်း၏ စွန့်ပစ်ရေအခြေအနေနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် လျှော့ပါးစေရေးနည်းလမ်းများ ထိရောက်မှု ရှိ/ မရှိ စောင့်ကြည့်စစ်ဆေးရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု**။အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတွင် ဆူညံသံထွက်ရှိမှု နည်းပါးပြီး Eco-Friendly ဖြစ်သည့် စက်ပစ္စည်းများအား အသုံးပြုရန်၊

(၂) ဆူညံသံထွက်ရှိမှု လျှော့ပါးစေရေးအတွက် စီမံကိန်းအတွင်းရှိယာဉ်များ မောင်းနှင်သော အရှိန်အား ကန့်သတ်ရန်၊

(၃) စီမံကိန်းရှိ စက်ယန္တရားများနှင့်ယာဉ်များမှ ဆူညံသံထွက်ရှိမှု နည်းပါးစေရေးအတွက် စက်ဆီ/ချောဆီများ ထည့်ခြင်း၊ ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၄) ဆူညံသံထွက်ရှိမှု လျှော့ချနိုင်ရေးအတွက် စီမံကိန်းဝန်းကျင်တွင် သစ်ပင်ကြီးများ စိုက်ပျိုးရန်၊

(၅) စီမံကိန်းတွင် အသုံးပြုနေသည့် ယန္တရားများနှင့်စက်များ၏ တုန်ခါမှုအား လျှော့ချနိုင်ရေး အခိုင်အမာ တည်ဆောက်ရန်၊

(၆) စီမံကိန်းအတွင်း ယာဉ်များဝင်ရောက်ရာ လမ်းမကြီးအား ချောမွေ့စေရေးအတွက် ပြုပြင်ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်ရှိ လုပ်သားများအား တစ်ကိုယ်ရေကာကွယ်ရေးကိရိယာ (PPEs) နှင့် နားကာ/ နားကြပ်များ (Ear Muffs) များ ထောက်ပံ့ရန်၊

(၈) အခိုးအငွေ့နှင့် အမှုန်အမွှားထွက်ရှိမှုအား ဒေသခံများမှ တိုင်ကြားနိုင်ရေးအတွက် Grievance and Redress Mechanism (GRM) ထားရှိ ဆောင်ရွက်ရန်၊

(၉) ဆူညံသံလျှော့ချမည့် အစီအစဉ်ဆောင်ရွက်မှုများ ထိရောက်မှု ရှိ/ မရှိ ပုံမှန် စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား ဝါးခရူချောင်းအတွင်း စွန့်ပစ်ခြင်းမပြုလုပ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) ရေဆင်းမြောင်းစနစ်အား စနစ်တကျ ထားရှိရန်၊

(၃) စက်ပစ္စည်းကိရိယာနှင့်ယာဉ်များအား သတ်မှတ်ထားသောနေရာတွင် ဆေးကြော ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား ခြောက်သွေ့သောရာသီတွင် ချောင်းကမ်းပါးယံ၌ စွန့်ပစ် ခြင်းအား ရှောင်ရှားရန်၊

(၅) ချောင်းအတွင်းသို့ လောင်စာဆီများ မတော်တဆ ယိုဖိတ်ရောက်ရှိခြင်း မဖြစ် ပေါ်စေရေး သတိပြုဆောင်ရွက်ရန်၊

(၆) စက်ဆီ၊ ချောဆီများ လဲလှယ်ရာတွင် အောက်ခံထည့်စရာ ခွက်များခံ၍ လဲလှယ်ခြင်း၊ လောင်စာဆီများအား သတ်မှတ်ထားသောနေရာ၌သာ လဲလှယ် ခြင်းဖြင့် မြေဆီလွှာ ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(၇) စက်ယန္တရားနှင့်ယာဉ်များတွင် လောင်စာဆီ ယိုစိမ့်ခြင်းနှင့် ဖိတ်စင်ခြင်း မဖြစ် ပေါ်စေရန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၈) ရေချွေတာသုံးစွဲခြင်း၊ ရေအရည်အသွေးထိန်းသိမ်းခြင်း၊ လုပ်သားများအား ပညာ ပေးခြင်းများ ဆောင်ရွက်ရန်၊

(၉) ရေအရည်အသွေးအား (၆) လ (၁) ကြိမ် စမ်းသပ်စစ်ဆေးရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန် စွန့်ပစ်ပစ္စည်း လျှော့ချမှု နည်းလမ်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထကောင်းများနှင့် လုပ်ငန်းခွင်သန့်ရှင်းခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများအား ဝန်ထမ်းများကို လေ့ကျင့်သင်ကြားခြင်းနှင့် ပညာပေးခြင်းများဆောင်ရွက်ရန်၊

(၂) သစ်သားအစိုင်အခဲများနှင့် သစ်သားစွန့်ပစ်ပစ္စည်းများအား ဘွိုင်လာလောင်စာအဖြစ် အသုံးပြုသွားရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းနှင့် ပြန်လည်အသုံးပြု၍မရသော စွန့်ပစ်ပစ္စည်းဟူ၍ ခွဲခြားစွန့်ပစ်ရန်နှင့် ပြန်လည်အသုံးပြု၍မရသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား စီမံကိန်းရှိ အမှိုက်ကျင်းအတွင်းသို့ စွန့်ပစ်၍ မြေဖို့ရန်၊

(၅) စွန့်ပစ်ပစ္စည်းများအား လဟာပြင် မီးရှို့ခြင်းကို ရှောင်ရှားရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအား လစဉ် စောင့်ကြည့်စစ်ဆေးခြင်း၊ လျော့ပါးစေရေးနည်းလမ်းများ ထိရောက်မှု ရှိ/ မရှိ စောင့်ကြပ်စစ်ဆေးခြင်းနှင့် GRM ဖွဲ့စည်းပြီး ဒေသခံများ၏ စွန့်ပစ်ပစ္စည်း နှင့်စပ်လျဉ်း၍ တိုင်တန်းမှုများအား လက်ခံဖြေရှင်းဆောင်ရွက်ရန်။

(ဇ) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဓာတုပစ္စည်း ဖြစ်သည့် အက်စစ်များ အသုံးပြုခြင်းအား ဓာတ်ခွဲခန်း၌သာ အသုံးပြုဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်ရှိ လုပ်သားများအား ဓာတုပစ္စည်း သိုလှောင်ပုံ၊ ကိုင်တွယ်ပုံ၊ အသုံးပြုပုံတို့ မှန်ကန်စေရေးအတွက် ပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် ကြီးကြပ်ခြင်းများ ဆောင်ရွက်ရန်၊

(၃) ဓာတုပစ္စည်းများအား အညွှန်းစာသားများ၊ ပုံပြကားချပ်များဖြင့် အသုံးပြုပုံ၊ သိုလှောင်ပုံနှင့် ဘေးအန္တရာယ်ရှိမှုတို့အား ရှင်းလင်းပြသထားရန်၊

(၄) လောင်စာဆီများနှင့် မီးလောင်လွယ်သောပစ္စည်းများအား လုံခြုံစိတ်ချရသည့်နေရာတွင် သိုလှောင်ထားရန်၊

(၅) မီးလောင်လွယ်သော ပစ္စည်းများအား မီးလောင်မှုဖြစ်ပွားနိုင်သော အရင်း အမြစ်၊ အောက်ဆီဂျင်နှင့် ဓာတ်ပြုနိုင်သော ပစ္စည်းများနှင့် ဝေးရာတွင် ထားရှိ သိုလှောင်ရန်၊

(၆) ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများအား လုံခြုံမှုအဆင့် မှတ်တမ်းလွှာ များဖြင့် စနစ်တကျ သိုလှောင်သိမ်းဆည်းရန်၊

(၇) ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများအား သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ အသုံးပြုခြင်းများအတွက် အထူးသင်တန်းပေး ဆောင်ရွက်ရန်၊

(၈) မီးသတ်ယာဉ်များ၊ မီးသတ်ဆေးဗူးများနှင့် မီးငြိမ်းသတ်ရေးကိရိယာများအား အဆင်သင့်ထားရှိရန်၊

(၉) မီးဘေးအန္တရာယ်နှင့် ပေါက်ကွဲမှုအန္တရာယ်များ ဖြစ်ပွားနိုင်သောနေရာတွင် သတိပေးဆိုင်းဘုတ်နှင့် အညွှန်းစာသားများ တပ်ဆင်ထားရန်။

(ဈ) **ဓာတုပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်စဉ်ကာလတစ်လျှောက် ဓာတုပစ္စည်းများသယ်ယူပို့ဆောင် ခြင်းနှင့် သိုလှောင်ခြင်းတို့အား စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၂) ဓာတုပစ္စည်း သိုလှောင်ရုံအား သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ကြမ်းခင်းဖြင့် သီးခြားထားရှိ သိုလှောင်ရန်၊

(၃) ဓာတုပစ္စည်းထည့်သည့် ပုလင်းများ၊ ကွန်တိန်နာများ၊ အိုးများအား စနစ်တကျ သိမ်းဆည်းရန်၊

(၄) Borax Boric Acid နှင့် Sodium Chloride အသုံးပြုမှုအတွက် Material Safety Data Sheet (MSDS) အား မြန်မာဘာသာဖြင့် ထားရှိဆောင်ရွက်ရန်၊

(၅) အတွေ့အကြုံရှိသော ဓာတ်ခွဲခန်း ကျွမ်းကျင်ပညာရှင်များဖြင့် တိုင်ပင်၍ ဓာတု ပစ္စည်းအသုံးပြုပုံနှင့် ကိုင်တွယ်ပုံများအား စနစ်တကျ စီမံဆောင်ရွက်ရန်၊

(၆) အသုံးပြုပြီးသော ဓာတုပစ္စည်း ထည့်သွင်းသည့် ပုလင်းများနှင့် ကွန်တိန်နာ များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော စွန့်ပစ်နေရာ တွင် စွန့်ပစ်ရန်။

(ည) **မြေဆီလွှာတိုက်စားမှု စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) မြေဆီလွှာတိုက်စားမှု ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် မြေဆီလွှာအပေါ် ထိခိုက်မှုမရှိစေရေးအတွက် သစ်ပင်များအား မလိုအပ်ဘဲ ခုတ်လှဲခြင်း၊ မြေယာရှင်းလင်းခြင်းများကို ရှောင်ရှားရန်၊

(၃) စက်ရုံဝန်းကျင်တွင် ရေဆင်းမြောင်းစနစ်အား စနစ်တကျရှိစေရေးအတွက် ဖန်တီး တည်ဆောက်ရန်၊

(၄) မိုးရာသီတွင် စီးဆင်းရေများ စက်ရုံဧရိယာဝန်းအတွင်း ဝင်ရောက်လာပါက ရေဆင်းမြောင်း ဖောက်လုပ်ခြင်းဖြင့် မြေဆီလွှာတိုက်စားမှု မဖြစ်ပေါ်စေရေး အတွက် ထိန်းသိမ်းရန်၊

(၅) စက်ရုံအတွင်း နုန်းအနည်ကျမှုအား ထိန်းသိမ်းဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ စွန့်ပစ်ရေများ မြေပေါ်ရေအတွင်း ဝင်ရောက်ခြင်း မရှိစေရန်နှင့် စီးဆင်းရေများကြောင့် မြေဆီလွှာတိုက်စားမှု မဖြစ်ပေါ်စေရန် စောင့်ကြည့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

(ဋ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရ မည်-

(၁) စီမံကိန်းလည်ပတ်ချိန်တွင် စီမံကိန်းရှိ အပင်များနှင့် တိရစ္ဆာန်များအား ထိခိုက်မှုလျော့နည်းစေရေး စီမံခန့်ခွဲဆောင်ရွက်ရန်၊

(၂) အပင်များအား မလိုအပ်ဘဲ ခုတ်ထွင်ရှင်းလင်းခြင်းအား ရှောင်ရှားရန်၊

(၃) လုပ်သားများကြောင့် စီမံကိန်းရှိ အပင်များ ပျက်စီးဆုံးရှုံးခြင်း မဖြစ်စေရေးနှင့် အမှိုက်များကို လဟာပြင်မီးရှို့ခြင်း မပြုလုပ်စေရေး ကြပ်မတ်ထိန်းသိမ်းရန်၊

(၄) လုပ်သားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ ပညာပေးခြင်း၊ စီမံကိန်းရှိ မီးလောင်မှုဖြစ်ပေါ်စေနိုင်သော အမှိုက်များအား ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(၅) ထိခိုက်မှုဖြစ်နိုင်သော မျိုးစိတ်များနှင့် သတ္တဝါများအား ခွဲခြား၍ အဆိုပါ နေရာတွင် လုပ်ငန်းဆောင်ရွက်ခြင်းအား ရှောင်ရှားရန်၊

(၆) စီမံကိန်း၏ တည်ဆောက်ရေးကာလပြီးဆုံးသည်နှင့်တစ်ပြိုင်နက် အဆိုပါ နေရာတွင် အပင်များစိုက်ပျိုးခြင်း၊ မျိုးစိတ်များ ပြန်လည်ထူထောင်ပေးခြင်း ဆောင်ရွက်ရန်၊

(၇) စီမံကိန်းရှိ သတ္တဝါများနှင့် ငှက်များ အနှောင့်အယှက် မဖြစ်ပေါ်စေရေးအတွက် ယာဉ်ဝင်၊ ယာဉ်ထွက်များအား အချိန်သတ်မှတ်၍ မောင်းနှင်ခြင်းများ ဆောင် ရွက်ရန်၊

(၈) ညအချိန်တွင် ယာဉ်များသွားလာခြင်းကြောင့် သေးငယ်သော သတ္တဝါများ ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းမဖြစ်ပေါ်စေရေးအတွက် ကာကွယ်ထိန်းသိမ်း

ခြင်းများ ဆောင်ရွက်ရန်၊

(၉) အင်းဆက်များ သေကြေပျက်စီးခြင်း မဖြစ်ပေါ်စေရန်နှင့် မတော်တဆမှုများ မဖြစ်ပေါ်စေရေးအတွက် ညအချိန်တွင် အလင်းအားပြင်းသော ကားမီး အလင်းရောင်များအား ကြာရှည်စွာဖွင့်၍ မောင်းနှင်ခြင်းအား ရှောင်ရှားရန်၊

(၁၀) မြေနေသတ္တဝါများအား ထိခိုက်မှုမဖြစ်ပေါ်စေရေး သတိထားဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းလည်ပတ်ချိန်ကာလ ကုန်ဆုံးခါနီးတွင် အပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် ပြန်လည်ထူထောင်မည့် အစီအမံများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၅) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သောက်သုံးရေ လုံလောက်စွာ ထောက်ပံ့ပေးခြင်းနှင့်မိလ္လာစနစ်အတွက် ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၂) သန့်ရှင်းစင်ကြယ်သော စားသောက်ခန်းနှင့် ကျန်းမာရေး အထောက်အကူပြု အနားယူနေရာများ ဖန်တီးပေးရန်၊

(၃) လုပ်ငန်းခွင်အား သဘာဝအလင်းရောင် (သို့မဟုတ်) အလင်းရောင် ကောင်းမွန်စွာ ရရှိစေရေးနှင့် လေဝင်လေထွက် ကောင်းမွန်စေရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၄) အရေးပေါ်ထွက်ပေါက် ထားရှိခြင်းနှင့် လုပ်သားများအတွက် (PPEs) များ ထောက်ပံ့ပေးရန်၊

(၅) စက်ရုံကိုယ်ပိုင်ဆေးပေးခန်း တည်ထောင်ထားရန်နှင့် လုပ်သားများအား နှစ်စဉ် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) စက်ရုံလုပ်ငန်းခွင်တွင် ဖျားနာသည့်လူနာများနှင့် ဒဏ်ရာရလုပ်သားများ အရေးပေါ် အခြေအနေဖြစ်ပွားပါက ဆေးခန်းတွင် ကနဦးဆေးကုသမှုခံယူ၍ အနီးဆုံး ဆေးရုံသို့ ပို့ဆောင်နိုင်ရေးအတွက် အရေးပေါ်ကားများ စီမံထားရန်၊

(၇) မီးအပူဖြင့် လုပ်ဆောင်ရသောလုပ်ငန်းနှင့်စပ်လျဉ်း၍ ပေါင်းဖိုအနီးတွင် အလုပ်လုပ်ကိုင်ရသော လုပ်သားများအား တစ်ကိုယ်ရေကာကွယ်ရေး ကိရိယာ (PPEs) များ ထောက်ပံ့ပေးရန်၊

(၈) အမြင်ဆိုင်ရာ ထိခိုက်မှုအန္တရာယ်နှင့်စပ်လျဉ်း၍ Faces Mask နှင့် မျက်မှန်များ လိုအပ်လျှင် ထောက်ပံ့ပေးရန်နှင့် မျက်လုံးအတွင်းသို့ ဓာတု ပစ္စည်းများ ဝင်ရောက်ခဲ့ပါက အရေးပေါ် သန့်စင်ဆေးကြောနိုင်သည့် နေရာများ ထားရှိပေးရန်၊

(၉) စက်ရုံ အတွင်း/ အပြင် ယာဉ်များမောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ စက်ရုံအတွင်း မြေကော်စက်များ၊ မြေတူးစက်များ၊ ဝန်သယ်ယာဉ်များနှင့် ဖော့ကလစ်များအား လုံခြုံဘေးကင်းစွာ မောင်းနှင်စေရေး အော်ပရေတာများ အသုံးပြု၍ လေ့ကျင့်ဆောင်ရွက်ရန်။

(ဥ) **လျှပ်စစ်ရှော့ဖြစ်ပွားမှုအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျှပ်စစ်ကြိုးအသစ်များ၊ ကေဘယ်လ်ကြိုးအသစ်များ၊ လျှပ်စစ်ပစ္စည်းအသစ်နှင့် ကိရိယာအသစ်များအား တပ်ဆင်အသုံးပြုရန်နှင့် စစ်ဆေးခြင်းများ ပုံမှန်ဆောင်ရွက်ရန်၊

(၂) လျှပ်စစ်သွယ်တန်းထားသော မီးကြိုးများနှင့် ကိရိယာများအား အချက်ပြဆိုင်းဘုတ်များဖြင့် သတိပေးဆောင်ရွက်ရန်။

(ဟ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်၊ အရေးပေါ်ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များ ရေးဆွဲထားရှိရန်၊

(၂) မီးငြိမ်းသတ်ရေးသင်တန်း၊ ရှေးဦးသူနာပြုစုရေးသင်တန်းများ၊ ကယ်ဆယ်ရေးသင်တန်းများ လေ့ကျင့်သင်ကြားပေးရန်၊

(၃) အရေးပေါ်ကားများ၊ မီးသတ်ဆေးဗူးများ၊ မီးသတ်ကိရိယာများ၊ ဆေးသေတ္တာများ၊ အရေးပေါ်ယာဉ်များ စီမံကိန်းတွင် စီစဉ်ထားရှိရန်၊

(၄) မီးသတ်ဦးစီးဌာန၊ အရေးပေါ် လူမှုကယ်ဆယ်ရေးအသင်းများ၊ ကြက်ခြေနီအသင်းနှင့် ရဲစခန်းစသည့် ဖုန်းနံပါတ်များအား စီမံကိန်းရှိ မြင်သာသောနေရာတွင် ပြသထားရန်၊

(၅) ထိရောက်သော လေ့ကျင့်သင်ကြားမှုများ၊ စီမံကိန်း၏ လုပ်ဆောင်မှုများအား ပုံမှန်စောင့်ကြည့်ခြင်းနှင့် မီးငြိမ်းသတ်ရေးအတွက် တပ်ဆင်ထားသည့် ကိရိယာများ၊ ကြိုတင်ပြင်ဆင်ထားသည့် အစီအမံများအား ပုံမှန်စောင့်ကြည့်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

(အ) **စီမံကိန်းဝန်းကျင်စိမ်းလန်းစေရေးစီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလ ပြီးစီးသည်နှင့် အရိပ်ရအပင်များ၊ ကြီးမြန်သစ်ပင်များ၊ မြက်ခင်းများအား စီမံကိန်း၏ဝန်းအပြင် လမ်းမကြီးတစ်ဖက်စီတွင် စိုက်ပျိုးထားရှိရန်၊

(၂) အဆောက်အဦနှင့် အဆောက်အဦအတွင်း တည်ဆောက်ပုံများအား တစ်နှစ်လျှင် (၂) ကြိမ် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လိုက်လျောညီထွေမှု ရှိစေရေး ဆောင်ရွက်ရန်၊

(၃) မီးလုံးတပ်ဆင်အသုံးပြုရာတွင် လုံခြုံရေးအတွက် အသုံးပြုရန်နှင့် မီးအလင်းရောင်ဖြင့် အလှဆင်ခြင်း၊ မီးသီးများအား အကာအရံ၊ အမိုးအကာမပါဘဲ တပ်ဆင်ခြင်းအား ရှောင်ရှားရန်။

(တ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံအား တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာစစ်ဆေးရန်၊

(၃) စွန့်ပစ်ပစ္စည်းအနေဖြင့် အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းတို့အား အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ ရှေးဦးသူနာပြုစုနည်းသင်တန်းနှင့် ဆေးကုသသည့် ဆေးဝါးများ ပြန်လည်ဖြည့်တင်းပေးခြင်းများအား ပုံမှန်စောင့်ကြည့်စစ်ဆေးရန်။

(ထ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့် အတိုင်း ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရမည်။

(ဒ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် စီမံကိန်းမှ အသားတင် အမြတ်ငွေ (၅ %) အား CSR လုပ်ရှားမှုအတွက် သုံးစွဲသွားရမည်။

(ဃ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါအတိုင်း လျာထားဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအတွက် ကုန်ကျမည့်စရိတ်ကို အမေရိကန် ဒေါ်လာ (၁၃၀၀) သုံးစွဲရန်၊

(၂) ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး အစီအစဉ်များအတွက် လျာထားအသုံးစရိတ် အမေရိကန်ဒေါ်လာ (၁၆,၂၅၀) နှင့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတွက် လျာထားအသုံးစရိတ် အမေရိကန်ဒေါ်လာ (၁၆,၂၅၀)သုံးစွဲရန်၊

(၃) စီမံကိန်းရှိ စက်ကိရိယာများနှင့် စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် တပ်ဆင်အသုံးပြုခြင်းအတွက် လျာထားအသုံးစရိတ် အမေရိကန် ဒေါ်လာ (၁၃,၀၀၀) သုံးစွဲရန်၊

(၄) လုပ်သားများအား စွမ်းဆောင်ရည် ပြည့်ဝစေရေး သင်တန်းများနှင့် လုပ်ငန်းခွင်မွမ်းမံသင်တန်းများအတွက် လျာထားအသုံးစရိတ် အမေရိကန် ဒေါ်လာ (၄,၅၃၀)သုံးစွဲရန်၊

(၅) အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်များအတွက် လျာထားအသုံးစရိတ် အမေရိကန်ဒေါ်လာ (၆၅၀၀)၊ မှတ်တမ်းတင်ဆောင်ရွက်ခြင်းများအတွက် လျာထားအသုံးစရိတ် ဒေါ်လာ (၅၂၀၀)၊ အထွေထွေအသုံးစရိတ်များအတွက် အမေရိကန် ဒေါ်လာ (၁၉၅၀) အား လျာထားသုံးစွဲရန်။

(င) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်းမဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့်အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ

မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးလှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင် မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက်အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ် နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။

ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(ဖ) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင် မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(ဗ) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်ထောင်စု ဝန်ကြီးရုံး

အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့်စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၁၀) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါကရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(၁၁) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ် ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက် မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊

နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်၊ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဦးဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရန်တင်ပြရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည်ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်း သည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များ အားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက် နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊

မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက် အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

## အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---